ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (21-6-2010) (ငွေ၃၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း။

မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် ၁၉၅၄ ခုနှစ် ဇွန်လ ၃ ရက်နေ့က လာအိုနိုင်ငံ ဆာလာဝမ်ခရိုင်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၆၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လာအိုနိုင်ငံ ဆာလာဝမ်ခရိုင်နှင့် ချမ်ပါဆပ်ခရိုင်တို့တွင် ကျောင်းပညာ စတင်သင်ကြားခဲ့သည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ကို ယခင် ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့ရှိ ကွန်မြူနစ်ပါတီတက္ကသိုလ်မှ ရရှိခဲ့သည်။

၎င်းသည် ၁၉၇၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ချမ်ပါဆပ်ခရိုင်ဝန်ကြီးအဖွဲ့တွင် လည်းကောင်း၊ ၁၉၈၁ မှ ၁၉၉၄ အထိ လာအို ပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ၏ ဝန်ကြီးအဖွဲ့တွင် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ မှ ၁၉၉၆ အထိ ၎င်းသည် ဝန်ကြီးချုပ်ရုံးတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ မှ ၂၀၀၁ အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၎င်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ နိုင်ငံရေးဗျူရို၏ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပါတီနိုင်ငံရေး ဗျူရို အမြဲတမ်းအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် အမြဲတမ်းဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရပြီး လာအိုပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၆ ခုနှစ် ဇွန်လမှ စတင်ခန့်အပ်ခြင်း ခံခဲ့ရသည်။

မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိသည်။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်း သဘာဝဘေးဒဏ်သင့် ပြည်သူများနှင့်တွေ့ဆုံ၍ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ မောင်တောမြို့နယ်၌ သဘာဝဘေးဒဏ်သင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်　ဇွန်　၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများသည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့မှ ခြေကျင်ခရီးဖြင့် ဘူးသီးတောင်-မောင်တော ကားလမ်း မိုင်တိုင်အမှတ် (၆)မိုင်နှင့် (၈)မိုင်အကြားသို့ ရောက်ရှိကြပြီး ဇွန် ၁၃၊ ၁၄ နှင့် ၁၅ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှု၊ ရေကြီးမှုတို့ကြောင့် သစ်ပင်များ ပြိုလဲခြင်း၊ သံကူကွန်ကရစ်တံတားကြီးများ ကျိုးပဲ့၊ ပျက်စီးသွားမှုအခြေအနေ၊ ကားလမ်းမကြီးပေါ်သို့ သစ်ပင်ကြီးများ ပြိုလဲနေမှု၊ ပြန်လည်ဖယ်ရှား ဆောင်ရွက်နေမှု၊ ဘူးသီးတောင်-မောင်တော ကားလမ်းမပေါ်၌ ပိတ်ဆို့နေသော မြေကြီးများအား ယန္တရားများဖြင့် ဖယ်ရှားနေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၁၀ နာရီတွင် မောင်တောမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

မြားမှုံ The Mirror

၂၀-၆-၂၀၁၀
(တနင်္ဂနွေ)

မူးယစ်ဆေးဝါးကင်းစင် လူမှုဝန်းကျင်ဖန်တီး

မျက်မှောက်ကမ္ဘာတွင် ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများ ပေါ်ပေါက်နေသည်။ ဓာတုဗေဒပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများ ကမ္ဘာနှင့်အဝန်း ပျံ့နှံ့သုံးစွဲမှုများလည်း ဖြစ်ပေါ်နေသည်။

အထူးသဖြင့် လူငယ်၊ လူရွယ်များအတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့သုံးစွဲလျက်ရှိရာ အန္တရာယ်ကြီးမားလှသည်။ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများနှင့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်ကိုပါ အန္တရာယ်ပြုခြိမ်းခြောက်ရိုက်ခတ်လျက်ရှိသည်။ နိုင်ငံတကာတွင် ဆယ်ကျော်သက်လူငယ်များ၊ ပညာတတ်လူငယ်များအကြား ဖြစ်ပေါ်နေသော မှုခင်းအချို့သည်ပင် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲမှုများနှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်။ လူငယ်လူရွယ်များနှင့် လူသားအားလုံး၏ လူမှုပတ်ဝန်းကျင်တစ်ခုလုံးတွင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်စေရေးအတွက် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို အသိပညာပေး ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နေသည်။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလသတ်မှတ်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးလေ့ရှိတတ်သည့် နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်စေရေးအတွက် အစားထိုးသီးနှံများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်အားပေးလျက်ရှိသည်။

တစ်ဖက်မှလည်း ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသများမှ ဘိန်းခင်းများကို ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျက်ဆီးနိုင်လျက်ရှိသည်။ ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ပြည်နယ်နှင့် တိုင်းများအတွင်းမှ ဘိန်းခင်း ဧကပေါင်း နှစ်သောင်းကျော်ကို ဖျက်ဆီးနိုင်ခဲ့သည်။ ထို့အပြင် မူးယစ်အထူးအဖွဲ့နှင့် တာဝန်သိပြည်သူများ၏ ကြိုးပမ်းမှုဖြင့် မေလအတွင်းက မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၇ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံများအား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ စိတ်ကြွရူးသွပ်ဆေးပြားများသည် သုံးစွဲသူနှင့် လူသားများ၏ဘဝကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများ လျော့နည်းပပျောက်ရေး တားဆီးနှိမ်နင်းမှုများ ပြုလုပ်နေကြပြီ။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ။

တက္ကသိုလ်၊ ကောလိပ်များအတွက် ကာယဗလနှင့် ကာယအလှ ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ်များအတွက် ကာယဗလနှင့် ကာယအလှ ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းသို့ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ဆရာ၊ ဆရာမ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂၃ ရက်အထိဖြစ်ကာ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များအတွက် ပထမဦးဆုံး ဖွင့်လှစ်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာန ခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်တို့ ပူးပေါင်း၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများအကြောင်း အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၂ ရက်က မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဦးမြင့်ရွှေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းနှင့် အဖွဲ့ဝင်များ ကော့ကရိတ်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် ဈေးဆိုင်ခန်းများ ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး လိုက်လံရှင်းလင်းပြသစဉ်။

(စည်ပင်)

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ၁၅ ကီလိုမီတာအပြေးပြိုင်ပွဲ၊ (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၀

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ၁၅ ကီလိုမီတာ အပြေးပြိုင်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ကျင်းပရာ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဦးဆောင်၍ ကျိုက္ကဆံကွင်း လက်ယာရစ်တစ်ပတ် စုပေါင်းလမ်းလျှောက်ကြသည်။

ဆက်လက်၍ ၁၅ ကီလိုမီတာ အပြေးပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများသည် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးချုပ်ရှေ့၌ နေရာယူကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသား ပထမ၊ ဒုတိယ၊ တတိယနှင့် အဆင့် ၁၀ အထိ ရရှိသူများအား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုများပေးအပ်ချီးမြှင့်ပြီး အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယနှင့် အဆင့်ငါးအထိ ရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသော ၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ယမန်နှစ်ချန်ပီယံအသင်းဖြစ်သော ရန်ကုန်တိုင်းအသင်းက ပြန်လည်အပ်နှံသည့် ဒိုင်းဆုကြီးကို လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားနည်း တာဝန်ခံ နာယက ဒေါ်တင်တင်ခွဲနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်မြချစ်၊ ဒေါ်စမ်းစမ်းဝေနှင့် ဒေါ်ဝေဝေတို့က ပြိုင်ပွဲအတွက် ငွေကျပ် လေးသိန်းငါးသောင်းကို လှူဒါန်းကြရာ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဦးဆောင်၍ ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ကြစဉ်။

(အား/ကာ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၁၀ (တနင်္ဂနွေ)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၀)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk Of The Town
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ(အပိုင်း-၁၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မောင်တောမြို့နယ် သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

မောင်တောခရိုင် ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းနှင့် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူးတို့က မောင်တောခရိုင်ရှိ လူနေအိမ်များ၊ အဆောက်အအုံများ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အိမ်ထောင်စုများအား ယာယီရွှေ့ပြောင်းနေရာချထားပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမိသားစုဝင်များအား ဆေးဝါးပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊ ဘူးသီးတောင်မှ မောင်တောသို့ သွားသည့် မော်တော်ကားလမ်းမကြီး ရှင်းလင်းဖယ်ရှားဆောင်ရွက်နေခြင်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် မောင်တောမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ၊ အဝတ်အထည်များ၊ စောင်များ၊ အမိုးသွပ်ပြားများ၊ ဆန်အိတ်များ၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြို့သူကြီးကျေးရွာအုပ်စုရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာများအတွက် အဝတ်အထည်များ၊ စောင်များ၊ အမိုးသွပ်ပြားများ၊ ဆန်အိတ်၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများကို ပေးအပ်ကြကာ မောင်တောမြို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မွန်းလွဲပိုင်းတွင် မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ ပြန်လည်ထွက်ခွာကြပြီး ညပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဘူးသီးတောင်မြို့ပေါ်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနတာဝန်ခံများနှင့် တွေ့ဆုံ၍ ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်းရှိ ရေဘေး၊ လေဘေးသင့်ပြည်သူများနှင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ကျောင်းများ၊ သာသနိကအဆောက်အအုံများ ပျက်စီးမှုများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အမေရိုက်မှပိုနာသည်" တရားတော် (ဆရာတော်ဦးသုခေမိတ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၃)**
- ၈း၃၀ Activities In The City (ရခိုင်နွယ်ဖွားဆရာတော်ဘုရားများအားဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား)
- ၈း၅၀ ကုသိုလ်အမျှ ညီတူရစေ များဝေနေ
- ၉း၀၀ အလှဖွံ့ဆင် ဖန်တီးရှင်အတွက် အမှတ်တရ
- ၉း၂၅ တောင်တန်းပေါ်က စိန်တလုံး
- ၉း၄၀ Global Panorama
- ၁၀း၃၅ လှမ်းလာခဲ့ပါ. . . နောင်အင်းလေးက ကြိုနေမှာ
- ၁၀း၅၅ International Show Biz
- ၁၁း၁၅ လူငယ်အများသွေးသန့်စင် အသက်ကယ်ကြစို့ကမ္ဘာတစ်ခွင် (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခဒေါက်တာနေဝင်း)
- ၁၁း၃၅ သင်ယူလေ့လာ ဂီတပညာ (Shine Melody)
- ၁၂း၀၀ ငါးရစ်မျိုးငါး. . . တို့မစား (ရော၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၂း၁၀ စာအုပ်ပြခန်း ("တာဝန်ကျေခဲ့ပါသည်" စာအုပ်ရေးသားသူ ဆရာစစ်နွေနှင့်တွေ့ဆုံခြင်း)
- ၁၂း၃၅ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
- ၁၂း၄၅ လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
- ၁း၀၀ "အမေရိုက်မှပိုနာသည်" တရားတော် (ဆရာတော်ဦးသုခေမိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Celebrity Choice (ရန်ရန်ချမ်း)
- ၃း၁၅ ကြီးသဲမြို့မှစည်းလုံးချည်
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၃)**
- ၄း၀၅ ကုသိုလ်အမျှ ညီတူရစေ များဝေနေ
- ၄း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Certificate Presentation Ceremony For ES4E Summer Course 2010)
- ၄း၃၀ လူငယ်အများသွေးသန့်စင် အသက်ကယ်ကြစို့ကမ္ဘာတစ်ခွင် (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခဒေါက်တာနေဝင်း)
- ၄း၅၅ သဘာဝကပေးတဲ့အကျိုးအာနိသင် (ဖြူစင်တဲ့နှလုံးသား) (ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည်) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၅း၁၅ Activities In The City (ရခိုင်နွယ်ဖွားဆရာတော်ဘုရားများအားဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား)
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ အနုပညာမိုးကောင်းကင်
- ၇း၀၀ အသွင်ပြောင်းစေမည့် Fiber Tech
- ၇း၁၀ စာအုပ်ပြခန်း ("တာဝန်ကျေခဲ့ပါသည်" စာအုပ်ရေးသားသူ ဆရာစစ်နွေနှင့်တွေ့ဆုံခြင်း)
- ၇း၃၀ သင်ယူလေ့လာဂီတပညာ (Shine Melody)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Celebrity Choice (ရန်ရန်ချမ်း)
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၃)**
- ၁၀း၀၀ အလှဖွံ့ဆင် ဖန်တီးရှင်အတွက် အမှတ်တရ
- ၁၀း၂၅ Sports World
- ၁၀း၄၅ ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၁၁း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (Certificate Presentation Ceremony For ES4E Summer Course 2010)
- ၁၁း၄၅ သဘာဝကပေးတဲ့အကျိုးအာနိသင် (ဖြူစင်တဲ့နှလုံးသား) (ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည်) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၁၂း၀၀ ကမ္ဘာ့ဖလားအားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သန်လျင်စည်ပင် ယန္တရားသုံး၍ ရေမြောင်းများတူးဖော်

ရန်ကုန် ဇွန် ၂၀

သန်လျင်မြို့နေပြည်သူများ သန့်ရှင်းသပ်ရပ်မှုရှိနေစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ပဲခူးစုရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ဗိုလ်ချုပ်နေဝင်း လမ်းဘေး ဝဲ၊ ယာရေမြောင်းအတွင်းမှ အမှိုက်သရိုက်များဆယ်ယူခြင်း၊ အဖွဲ့ပိုင်မြေကော်စက်ယန္တရားဖြင့် နုန်းမြေများတူးဖော်နေခြင်း **(ယာပုံ)** ကို လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းကြီးကြပ်ဆောင်ရွက်လျက်ရှိရာသို့ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ဇွန် ၁၆ ရက်က အနီးကပ်ကွင်းဆင်းကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးလက်အေးရွာလေးနှင့် အနောက်ပိုင်းတက္ကသိုလ် ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်းကို ဇွန် ၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အမှုဆောင်အရာရှိ ဦးဆန်းအောင်တို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

မန္တလေး ဇွန် ၂၀

၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီတွင် မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးခရိုင် ဥက္ကဋ္ဌ ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး ခရိုင်အတွင်းရေးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်သိန်းက စီမံကိန်းရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရေး ရှင်းလင်းပြောကြားကာ မန္တလေးခရိုင် ခုနစ်မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက စီမံကိန်းရည်မှန်းချက်ဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။

တာဝန်များပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ကာ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရှိရသည်။

(၄၆၉)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၀

ဗိုလ်မှူးကြီးခင်မြင့် (ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး စန်းမြင့် (ငြိမ်း)၊ ဦးစိုးသိန်း၊ ဦးမျိုးမြင့်၊ ဦးလှရွှေတို့နှင့်အတူ ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့)တွင် တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက်ကစားစဉ် ဘောလုံးအမျိုးအစား Callaway No. One အားသံတုတ်နံပါတ် Taylor Made Tour Burner Iron-7 ဖြင့် ၁၅၅ ကိုက် အကွာအဝေးရှိ ကျင်းအမှတ် (၁၇)သို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက် မလုံလောက်သည့် ရေမှာပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘလက်ဝါးတားအမည်ပြောင်းကုမ္ပဏီ အာဖဂန်နစ္စတန်၌ ကန်ထရိုက်ရရှိ

ကဘူး ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်နှင့် မာဇာအီရှာရစ်မြို့များ၌ တာဝန်ထမ်းဆောင်သည့် အမေရိကန်ကောင်စစ်ဝန်များကို ကာကွယ်စောင့်ရှောက်ရန် ဒေါ်လာသန်း ၁၂၀ တန်ဖိုးရှိသော ကန်ထရိုက်တစ်ခုကို တစ်ချိန်က ဘလက်ဝါးတားဟု တစ်ကမ္ဘာလုံးကသိခဲ့သော လုံခြုံရေးကုမ္ပဏီ၏ အဖွဲ့ခွဲတစ်ဖွဲ့အား ပေးအပ်လိုက်ကြောင်း အမေရိကန်သံရုံးက စနေနေ့တွင် ကြေညာသည်။

ယခု စီးဝန်ဆောင်မှုလုပ်ငန်းဟုခေါ်သော ယခင်ဘလက်ဝါးတား၏ လုပ်ငန်းအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အမေရိကန်ပြည်ထောင်စု လေ့ကျင့်ရေးဌာနကို သောကြာနေ့က ကန်ထရိုက်ပေးလိုက်ခြင်းဖြစ်ကြောင်း သံရုံး၏ ပြောရေးဆိုခွင့်ရှိသူ မစ္စကိတ်လင်းဟေဒင်က ပြောသည်။

အခြား အမေရိကန်လုံခြုံရေးကုမ္ပဏီနှစ်ခုဖြစ်သော တရစ်ပဲလ်ကနိုပီနှင့် ဒန်ကော့အင်တာနေရှင်နယ်တို့ကို ဖြတ်ကျော်၍ ရရှိခဲ့ခြင်းဖြစ်သည်ဟု သူမက ပြောသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်တိုက်ခိုက်မှုတွင်အနည်းဆုံး ၁၀ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စနေနေ့ညတိုက်ခိုက်မှုများ၌ အနည်းဆုံး ၁၀ သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက အတည်ပြုသည်။

စနေနေ့ညတွင် ရှီးယိုက်တို့ နေထိုင်ရာ ဟာရီယာရပ်ကွက်အတွင်း၌ မိနစ် ၂၀ အတွင်း ဗုံးသုံးကြိမ် ပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိခဲ့သည်။ ပထမအကြိမ်ဗုံးမှာ ည ၁၀ နာရီခွဲတွင် ပေါက်ကွဲခဲ့ပြီး အဆိုပါအခင်းဖြစ်ရာနေရာသို့ လူအများစုဝေးရောက်ရှိလာစဉ် ဒုတိယအကြိမ် ဗုံးကွဲခဲ့သည်။ စုံစမ်းစစ်ဆေးရန်အတွက် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာစဉ် တတိယအကြိမ် ဗုံးကွဲခဲ့သည်။ လူအချို့ဒဏ်ရာရရှိခဲ့ရာ ရဲတပ်ဖွဲ့ဝင် လေးဦးလည်းပါကြောင်း တာဝန်ရှိသူများက ပြောသည်။

ပစ်ခတ်

ရှီးယိုက်တို့ အများစုနေထိုင်ရာ အိုဘိုင်ဒီရပ်ကွက်အတွင်းမှ အိမ်တစ်လုံးကို ည ၁၁ နာရီ ၄၅ မိနစ်တွင် လူတစ်ဦးက ဒုံးကျည်ဖြင့်ပစ်ခတ်ရာ အရပ်သားနှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိခဲ့သည်။

တွေ့ရှိ

စနေနေ့တွင်လည်း ဇာယူနာရပ်ကွက်အတွင်းမှ အိမ်တစ်လုံးတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော အမျိုးသမီးငါးဦး၏အလောင်းကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။ ယင်းအိမ်မှ အနံ့ဆိုးများထွက်နေသည်ကို သတိပြုမိသော အိမ်နီးချင်းတစ်ဦးက ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖိလစ်ပိုင်တောင်ပိုင်း၌ရေကြီး လူပေါင်း ၂၀၀၀၀ ထက်မနည်း အိုးအိမ်ပစ်ထွက်ပြေးရ

ဒါဗာယိုစီးတီး(ဖိလစ်ပိုင်) ဇွန် ၂၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဇွန် ၂၀ ရက်က ရေကြီးခြင်းနှင့် မြေပြိုမှုဖြစ်ပွားရာ လူပေါင်း ၂၀၀၀၀ ထက်မနည်း အိုးအိမ်ပစ် ထွက်ပြေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မင်ဒါနာယိုပြည်နယ် မြို့နှစ်မြို့ရှိ ကျေးရွာ ၁၀ ရွာ၌ မြစ်ကမ်းများကျိုးပေါက်ခြင်းကြောင့် နေအိမ်များနှင့် လမ်းများအား ရေလွှမ်းခဲ့သည်ဟု ဆိုသည်။

မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုကြောင့် ဆမ်မွေမြစ်ကမ်းများ အနီးရှိ နေထိုင်သူများ အများဆုံးရေဘေးဒဏ်ခံရကြောင်း ဆဲလ်တန်ကူဒါရတ်မြို့တော်ဝန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သော အဆောက်အအုံနှင့် ယာဉ်များအား ဇွန် ၂၀ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကျန်စီပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနေသည်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတောင်ပိုင်းရေကြီးမှု သေဆုံးသူ ၁၃၂ ဦးရှိပြီ

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံတောင်ပိုင်း ပြည်နယ်ကိုးခု၌ ရေလွှမ်းမိုးသဖြင့် သေဆုံးသူဦးရေမှာ ၁၃၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက တနင်္ဂနွေနေ့တွင်ကြေညာသည်။

လူဦးရေ ၈၆၀၀၀၀ မှာ ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးကြပြီး ၈၆ ဦးမှာပျောက်ဆုံးနေကြောင်း ရေအရင်းအမြစ်ဝန်ကြီးဌာနက ပြောကြားသည်။

လူဦးရေ ၁၀ သန်းကျော်သည် ရေကြီးမှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။

ဇွန်လ ၁၃ ရက်နေ့ကတည်းက မုန်တိုင်းများပြင်းထန်စွာ တိုက်ခတ်သဖြင့် မိုးသည်းထန်စွာ ရွာသောကြောင့် ဆည်များကျိုးပေါက်ကာ မြစ်ရေများ လျှံတက်ခဲ့ပြီး မြေများပြိုကျကာ အဝေးပြေးလမ်းမများလည်း ပျက်စီးခဲ့သည်။ လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗွီအိုအေသတင်းထောက် အီသီယိုးပီးယားအစိုးရ နှင်ထုတ်

အဒစ်အဘာဘာ (အီသီယိုးပီးယား) ဇွန် ၂၀

အာဖရိကနိုင်ငံ ဦးချိုဒေသ အရှေ့ဘက်သူပုန်တို့၏ နယ်မြေအနီး၌ သတင်းယူနေသော ဗွီအိုအေ ရေဒီယိုသတင်းထောက်တစ်ဦးကို အီသီယိုးပီးယားအာဏာပိုင်များက နိုင်ငံမှ နှင်ထုတ်လိုက်ကြောင်း မီဒီယာစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က စနေနေ့တွင် ပြောကြားခဲ့သည်။

ဟာရာဒေသအရှေ့ပိုင်း၌ ၎င်းသတင်းထောက်ကို အီသီယိုးပီးယားလုံခြုံရေးအဖွဲ့က ကြာသပတေးနေ့တွင် ဖမ်းဆီးပြီးနောက် သတင်းထောက်များစောင့်ရှောက်ရေးကော်မတီက ဟီသာမားဒေ့ါကို နှင်ထုတ်ခြင်းအတွက် ရှုတ်ချကြောင်း ကြေညာခဲ့သည်။

သတင်းယူ

ကမ္ဘာလှည့်ခရီးသည်များကို စိတ်ဝင်စား ဆွဲဆောင်နိုင်သော ဟိုင်အီးနားသတ္တဝါတို့၏ အကြောင်းကို သတင်းရယူပေးပို့လျက်ရှိသော မစ္စမားဒေ့ါထံမှ ပစ္စည်းများကို သိမ်းယူပြီး သူမကို အဒစ်အဘာဘာမြို့သို့ ပို့လိုက်သည်။ ယင်းမြို့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုသို့သွားသော လေယာဉ်ပေါ်သို့ တင်ပေးလိုက်သည်။

ချိုးဖောက်

၎င်းသတင်းထောက်သည် ဥပဒေကို ချိုးဖောက်ကြောင်း၊ ယင်းသို့သော အပြုအမူများက နိုင်ငံကို ကာကွယ်ရန် အီသီယိုးပီးယားအစိုးရ၌ အခွင့်အရေးရှိကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

မစ္စမားဒေ့၏ လုပ်ငန်းဗီဇာမှာ ကုန်ဆုံးသွားပြီဖြစ်ကြောင်း၊ ခရီးသွားဗီဇာကို အသုံးပြု၍ အလုပ်လုပ်နေခြင်းဖြစ်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။

နှင်ထုတ်

ယီမင်နိုင်ငံတောင်ပိုင်း ခွဲထွက်ရေးသူပုန်အုပ်စုတို့၏ ခြေကုပ်ဒေသသို့ သွားရောက်သတင်းယူသည့်အတွက် ဧပြီလက သူမကို ယီမင်အစိုးရက နှင်ထုတ်လိုက်ပြီးနောက် ယခင်လက အီသီယိုးပီးယားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် ကလေးသုံးဦးသေဆုံး၊ ၂၃ ဦးဒဏ်ရာရ

ကဘူး ဇွန် ၂၀

အာဖဂန်နစ္စတန်တောင်ပိုင်းပြည်နယ်တစ်ခု၏ မြို့တော်တွင် တနင်္ဂနွေနေ့၌ မိနစ်ပိုင်းအတွင်း ဗုံးနှစ်ကြိမ်ပေါက်ကွဲရာ ကလေးတစ်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိခဲ့သည်။

ဟဲလ်မန်ပြည်နယ် လာ့ချ်ကာဂါ့ဘဏ်တစ်ခု၏ရှေ့တွင် ပထမအကြိမ်ဗုံးကွဲရာ မိန်းကလေးငယ်တစ်ဦး သေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အထက်တန်းကျောင်းတစ်ကျောင်း၏ အနီးတွင် ဒုတိယအကြိမ်ဗုံးကွဲရာ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး အပါအဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် သောင်းကျန်းသူများပစ်ခတ်သော ဒုံးကျည်တစ်လုံးသည် လူနေအိမ်တစ်လုံးကို တိုက်ရိုက်ထိမှန်ရာ ကလေးနှစ်ဦး သေဆုံးပြီး ယောက်ျားသုံးဦးနှင့် မိန်းမတစ်ဦး ဒဏ်ရာရရှိကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဒုံးကျည်သည် နန်ဂါဟာပြည်နယ် ဘက်ဆွတ်ခရိုင်ရှိ လေဆိပ်တစ်ခုကို ပစ်ခတ်ခြင်းဖြစ်ဖွယ်ရာရှိကြောင်း ဝန်ကြီးဌာနက ယူဆသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲမန်ပြည်နယ်မြို့တော် လာ့ချ်ကာဂါ့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာတွင် အာဖဂန်ရဲတပ်ဖွဲ့ဝင် စောင့်ကြပ်နေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်သူပုန်ခေါင်းဆောင် ကြိုးပေးခံရ

တီဟီရန် ဇွန် ၂၀

အီရန်နိုင်ငံတွင် ဂျွန်ဒူလာချ် သူပုန်အုပ်စုခေါင်းဆောင် အဗ္ဗဒူလ်မာလစ်ရီဂီကို လပေါင်းများစွာ မေးမြန်းစစ်ဆေး၍ တရားခွင်သို့ ပို့ဆောင်ပြီးနောက် တနင်္ဂနွေနေ့တွင် ကြိုးပေးကွပ်မျက်လိုက်ကြောင်း အစိုးရသတင်းဌာန အိုင်အာအန်အေကဖော်ပြသည်။

ကြိုးပေး

ရီဂီကို ၎င်း၏အုပ်စုဝင်များ၏ မိသားစုများရှေ့မှောက်၌ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကြိုးပေးခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် သွေးလွှမ်းသော လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်ဟု စွဲချက်တင်ကာတရားရုံးက ကြိုးမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဖမ်းဆီး

ရီဂီသည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ကာဂျစ်စတန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် သွားစဉ် ပါရှန်းပင်လယ်ကွေ့ပေါ်၌ အီရန်ထောက်လှမ်းရေးအဖွဲ့က ၎င်းကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်YADANARPON Fiber Optical Factory၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် မန္တလေးတိုင်း ရတနာပုံမြို့သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဒုတိယဝန်ကြီး ဦးသိန်းထွန်း လိုက်ပါလျက် ဇွန် ၁၉ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးရှိ ရတနာပုံမြို့သစ် YADANARPON Fiber Optical Factoryသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား တာဝန်ရှိသူက စက်ရုံအတွင်း ကေဘယ်လ်ထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသ၍ ထပ်မံတိုးချဲ့တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Elite Tech Manufacturing Co., Ltd.၌ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်မှုကိုလည်းကောင်း၊ ASIA MEGALINK စက်ရုံ၌ မိုဘိုင်းစနစ်၊ ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပိုမိုကောင်းမွန်သော အရည်အသွေးဖြင့် ဆောင်ရွက်နိုင်ရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် YADANARPON TRAINING CENTER တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချိန်အတွင်း အချိန်မီဆောက်လုပ် ပြီးစီးနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် တာမိုးညဲချမ်းသာထွန်းဝေသာ ကုမ္ပဏီလီမိတက် FORTUNE INTERNATIONAL LIMITED နှင့် FISCA PAN MYANMAR CO., LTD. စက်ရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ကြရန် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရတနာပုံ တယ်လီပို့သို့ရောက်ရှိပြီး တပ်ဆင်ဆောင်ရွက်ထားရှိသည့် စက်ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ တယ်လီပို့မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအလိုက် အရှိန်အဟုန်မြှင့်လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၇ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစီအစဉ်အရတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဇွန် ၈ရက်တွင် တိုင်းမှူးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်း ဦးစီးမှူးက နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက်တိုင်းမှူးက နှစ်စဉ်စီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ဇွန် ၁၂ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်း မြို့ပတ်ကမ်းနားလမ်း (အိုးဘိုနှင့်ညောင်ကွဲအကြား) စက်ယန္တရားများဖြင့် (Enzyme) ဆေးရည်ကို အသုံးပြု၍ လမ်းအခြေခံ မြေသားကျစ်လျစ်ခိုင်မာရေး ဆောင်ရွက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ကြေးမုံ)

အောင်မင်္ဂလာအိမ်ရာ ကျောက်မြောင်း တာမွေမြို့နယ်နေ ဒေါ်ထွေးကြည် (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ မင်္ဂလာအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး စုပေါင်းဆောင်ရွက်

ချောင်းဦး ဇွန် ၂၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့်ဝန်ထမ်းများ စုပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် မေ ၃၀ ရက်က ချောင်းဦးမြို့ပေါ်ရှိ အထကကျောင်းနှင့် မူလတန်းကျောင်း ၁၃ ကျောင်းတို့ကို ခြင်ဆေးဖျန်းခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

လမ်းများပြုပြင်ရန်အတွက် ငွေလှူ

ရန်ကုန် ဇွန် ၂၀

ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ စေတီတော်ကြီးသို့ ချောက်-ညောင်ဦး မော်တော်ကားလမ်းမကြီးမှ တစ်ဆင့်သွား မော်တော်ကားလမ်းနှင့် ရပ်ကွက်အတွင်းလမ်းများ ပြုပြင်ရာတွင် အသုံးပြုရန်အတွက် လက်တွန်းလှည်းနှင့် လိုအပ်သော ပစ္စည်းများဝယ်ယူရန် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၈ ရက်က မြို့ကုန်းရပ်ကွက်၌ ကျင်းပရာ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်) နာယကဦးစိုးဝင်း (သတင်းထောက်စဥ့်ကူစိုးဝင်း)နှင့် ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)တို့က ဒေသခံ ဦးအောင်ကွန်းနှင့် လူငယ်အဖွဲ့ခေါင်းဆောင် ဦးစိုးခိုင်တို့ကို ပေးအပ်သည်။**(အပေါ်ပုံ)**

အလားတူ မတ်လကလည်း ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က လုပ်အားရှင်လူငယ်များအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ (ကြေးမုံ)

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ ကျောက်ဆည်ခရိုင်အတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကျင်းပ

ကျောက်ဆည် ဇွန် ၂၀

စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်၌ ဇွန် ၂ ရက် ညနေ ၃ နာရီက ကျင်းပရာ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအကြောင်းနှင့်စာပေရေးရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များကို (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌဦးသိန်းလင်းနှင့်အဖွဲ့ဝင် ဦးတင်နိုင်ထွန်းတို့က လက်ခံရယူပြီး ရပ်မိရပ်ဖ ဦးပေါက်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားတွင် သုတရသစာအုပ် ၃၅၀၊ ဂျာနယ်၊ စာစောင် ၂၅၀ ကျော်နှင့် နေ့စဉ်ထုတ် သတင်းစာ ၅၀တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

ပညာပေးနှိုးဆော်ချက်

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့မဟုတ်)ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်သည်။

အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သောကြောင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်အမကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊၄၄၊၄၅" ပါပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်သည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို နယုန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

အားလုံးအတွက် မနက်ဖြန်

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့သည် သီးခြားခွဲထား၍ မရနိုင်သလို မနေ့က၊ ယနေ့နှင့် မနက်ဖြန်တို့သည်လည်း ဆက်စပ်လျက်တွေ့ကြရမည်သာ။ အလားတူ ဘိုးဘွားဘီဘင်၊ မိဘ၊ သားသမီး၊ မြေးမြစ်တို့၏ ဆက်စပ်ပတ်သက်မှုဖြစ်စဉ်များကိုလည်း မသိချင်မပြောချင်၊ မေ့ထားချင်၍မရနိုင်ပါ။

တစ်ဦးချင်း၏ဘဝများကို နှီးနွှယ်ဆက်စပ်လျက် တည်ဆောက်ရင်း၊ ကြိုးစားရင်း၊ ပြုပြင်မြှင့်တင်ရင်းဖြင့် သမိုင်းဦးအစမှ ယနေ့တိုင်အောင် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာကြခြင်း ဖြစ်ပါသည်။ ကြက်ဥနှင့် ကြက်မကြီးတို့ရဲ့ အစပထမကို အငြင်းပွားနေမည့်အစား ကြက်ဥကပဲစစ၊ ကြက်မကြီးကပဲစစ အစကောင်းရေးအတွက်သာ စဉ်းစားတွေးတောကြပြီး ကောင်းအောင်ပြုလုပ်ကြရန်လိုအပ်ပါသည်။

လူ့ဘဝတစ်ခဏတာအတွင်း ဆင်းရဲမှု၊ မွန်းကျပ်မှု၊ အခက်အခဲများစွာကြုံတွေ့ခံစားရင်း ဒုက္ခတွေနှင့် ရင်ဆိုင်ကြရသည်များ ရှိမည်ဖြစ်သကဲ့သို့ ချမ်းမြေ့မှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ စိတ်ကျေနပ်မှုတွေကိုလည်း သုခအဖြစ်ရယူခံစားရင်း ဖြတ်သန်းကျော်လွှား လှုပ်ရှားကြရသည်များလည်း ရှိမည်သာဖြစ်ပါသည်။ ထိုသို့လှုပ်ရှားနိုင်ရန်အတွက် ကာယအား၊ ဉာဏအားတို့မရှိမဖြစ်လိုအပ်ပါသည်။ ကာယအားအဖြစ် မွေးကင်းစမှ အစာအာဟာရများ မှီဝဲစားသုံးရင်း၊ လှုပ်ရှားရုန်းကန်ကြိုးစားရင်း တဖြည်းဖြည်းကြီးထွားရင့်သန်လာကြရပါသည်။ တစ်ဖက်မှလည်း စာပေ၊ အသိပညာ၊ ဗဟုသုတများ နာယူမှတ်သားပွားများရေး ဉာဏအားကိုလည်း ပေါင်းစပ်ပါဝင် ရင့်ကျက်လာအောင် ကြိုးပမ်းလုပ်ဆောင်ကြရပါသည်။

အသက်ဉာဏ်စောင့်ဆိုသလို သက်ရှည်ကျန်းမာကြစေဖို့ သတိ၊ ဉာဏ် အမြော်အမြင်ဖြင့် စဉ်းစားချင့်ချိန်နိုင်ရန်၊ ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်ပါသည်။ ယခုအချိန်အခါတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မှုများအရ ကောင်းကျိုး၊ ဆိုးကျိုးများကို ပိုင်းခြားစိစစ်လက်ခံပြီး ရှေ့ခရီးဆက်ကြရမည်သာဖြစ်ပါသည်။ လွန်ခဲ့သော နှစ်(၅၀)နှင့် ယခုအခြေအနေမှာ များစွာကွာခြားပါသည်။ အကောင်းတွေ အလွန်များလာသည်မှန်သကဲ့သို့ အဆိုးတွေတိုးပွားလာသည်ကိုလည်း လက်မခံ၍မရနိုင်ပါ။

တစ်ဦးချင်းကိုယ်စီဘဝအတွက် အကောင်းမြင်ဝါဒရှိပါက မွန်းကျပ်မှု၊ စိတ်တွေဝေမှု၊ စိတ်ဖိစီးမှု၊ စိတ်ပင်ပန်းဆင်းရဲမှုများ လျော့နည်းနိုင်ပါသည်။ ထို့အတူ တစ်ဦးချင်းစီစုဝေးနေထိုင်ရာ အိမ်ထောင်စု၊ မိသားစုမှသည် ဆွေမျိုးစု၊ မျိုးနွယ်စုများ စုပေါင်းနေထိုင်ရာ နိုင်ငံတစ်ခုအဆင့်အထိ တိုးတက်ကောင်းမွန်ပြီး စည်းကမ်းရှိသော၊ ခေတ်မီဖွံ့ဖြိုးသော နေချင့်စဖွယ် အဆင့်တစ်ခုဖြစ်လာစေရန် လူတိုင်းတွင် အကောင်းမြင်စိတ်ဖြင့် ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ကြရန် တာဝန်ရှိကြပါသည်။ ထိုတာဝန်မှာ မွေးရာပါတာဝန်ဖြစ်၍ လူသားတိုင်းငြင်းဆို၍၊ လွှဲရှောင်၍မရနိုင်ပါ။

လူသားတို့နေထိုင်ရာ လူသားကမ္ဘာအတွက် လူသားတစ်ဦးချင်းစီ၏ အားမာန်များ စုပေါင်းရာမှ သမိုင်းဦးဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင် ခေတ်တို့မှသည် စက်မှုထွန်းကားလာပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ခေတ်အထိ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာခဲ့ပေသည်။ ထိုမှတစ်ဖန် နောင်အတွက်လည်း အစဉ်ပြောင်းလဲမှုများ၊ တိုးတက်မှုများ ရှိလာဦးမည်မှာ အမှန်ပင်။

ယနေ့အတွက် အကောင်းဆုံး စဉ်းစားလုပ်ဆောင်နိုင်ပါက မနက်ဖြန်တွေ ကောင်းလာပြီး ယနေ့သည် မနေ့ကဖြစ်ကာ၊ မနက်ဖြန်သည် ယနေ့ဖြစ်လာပြီး နောက်တစ်နေ့သည် မနက်ဖြန်အဖြစ် ရှေ့တိုးပြောင်းလဲသွားမည်သာဖြစ်သည်။ မိမိ၏ ငယ်စဉ်အချိန်ကို ပြန်လည်တွေးတောကြည့်မိပါသည်။ ကျောင်းမှန်မှန် အမြဲတက်ခဲ့သည်။ ကျောင်းစာကို ပုံမှန်ပြုလုပ်ခဲ့သည်။ အားလပ်ချိန်တွင်လည်း ကလေးပီပီ ထွေခင်းကစားခြင်း၊ ကြက်ခွပ်ကစားခြင်း၊ ဘောလုံးပစ်ခြင်း၊ ပြေးတမ်းလိုက်တမ်း ကစားခြင်း၊ ဆေးလိပ်ဖင်စီခံတွင် ကြက်မွေးစိုက်ပြီး သစ်သားဘတ်တံဖြင့် ကြက်တောင်ကစားခြင်း စသည့်ကစားနည်းများစွာကို အဖော်မင်ရင်း ပျော်ရွှင်စွာကစားခဲ့ပါသည်။ စာကိုပုံမှန်ကျက်ပါသည်။ လစဉ် အပတ်စဉ် မင်နီမပါ၊ အောင်ခဲ့ပါသည်။ အတန်းကိစ္စကို စိတ်ဝင်စားခဲ့သည်။ နေ့စဉ်အခန်းတွင်း သန့်ရှင်းခြင်း၊ ဆရာ့စားပွဲသန့်ရှင်းခြင်း၊ သင်ပုန်းဖျက်ရန် ဖြတ်စည္စပ်စကောက်ပြီး ခေါင်းအုံးငယ်ကလေးများချုပ်ကာ သင်ပုန်းသန့်ရှင်းခြင်း၊ သောက်ရေအိုးဖုံးနှင့် ရေခွက်များကို နေ့စဉ်အိမ်သို့ယူပြီး ဖွဲပြာ၊ ဆပ်ပြာဖြင့် သန့်ရှင်းပြောင်လက်တောက်ပြောင်အောင်ပြုလုပ်ဆေးကြောပြီး ကျောင်းသို့ယူလာခြင်း၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ကျန်စစ်သား၊ ဗန္ဓုလစသည့် ကျောင်းကောင်စီအလှည့်ကျနေ့တိုင်း အသင်းသားများကိုယ်စား နေ့စဉ်သန့်ရှင်းရေးအလုပ်များ ကူညီပေးခြင်းစသည်ဖြင့် တာဝန်ကျေစွာ လုပ်ဆောင်ခဲ့ခြင်းကို သတိရနေမိပါသည်။

ထို့အတူ တက္ကသိုလ်ရောက်သောအခါ၌လည်း ဘေစင်များကို နေ့စဉ်သန့်ရှင်းရေးလုပ်ပြီးမှ မျက်နှာသစ်ခြင်း၊ အိမ်သာကို မိမိအသုံးမပြုမီ ရေပုံးနှင့်ရေဆောင်ထားကာ သန့်ရှင်းခြင်း၊ အသုံးပြုပြီး သန့်ရှင်းထားခြင်း၊ မိမိ အခန်းသန့်ရှင်းခြင်း၊ မိုးရွာ၊ လေတိုက်ပါက အခန်းဖော်များ လှန်းထားသည့် အဝတ်စို၊ အဝတ်ခြောက်များကို သိမ်းပေးခြင်း စသည်တို့အပြင် အတက်အဆင်းလှေကားသုံးထပ်လုံး သန့်ရှင်းရေးပြုလုပ်ခြင်း စသည်တို့ကို မိမိအသိစိတ်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ဘာသာရေးအရ ကုသိုလ်အကျိုးပေးသည်ဟု ယူဆရပါလျှင် ယနေ့ထိ ဘဝခရီးတစ်လျှောက်လုံး ထူးခြားခက်ခဲ ပင်ပန်းဆင်းရဲခြင်းမျိုး မကြုံတွေ့ခဲ့ရသည်က သက်သေခံနေပါသည်။

ပေါင်းသင်းဆက်ဆံရာတွင် မိမိဘက်ကသာ အတတ်နိုင်ဆုံး လိုက်လျောကူညီလုပ်ဆောင်ပေးခဲ့ပါသည်။ တဒင်္ဂ တစ်ခဏ တွေ့ရကြုံရခိုက်တွင် သူတစ်ဖက်သားကို ကြည်နူးချမ်းမြေ့ ပြုံးပျော်သွားစေချင်ပါသည်။ လူတိုင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝကောင်းမွန်စေရန် မိမိ၏ ခံယူချက်၊ လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ် သတိပြုကြစေလိုပါသည်။

တစ်ဆယ့်ငါးမိနစ်၊ နာရီဝက် အချိန်လေးမျှအတွင်း လုပ်သင့်သည့်အလုပ်လေးများကို တာဝန်ကျေစွာ လုပ်ဆောင်ပေးခြင်းဖြင့် အနာဂတ်ဘဝခရီးအတွက် အိပ်မက်ကောင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ညောင်စေ့မျှလောက်ဖြင့် ညောင်ပင်ကြီးထက်ကြီးသော အကျိုးများစွာရစေနိုင်ပါသည်။

မိပြည်ချစ်

ရိုးရိုးကျင့်ခြင်းဖြင့် မြင့်မြင့်ကြံနိုင်ကာ ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေ နေထိုင်လုပ်ကိုင်စားသောက်ခွင့် ရစေနိုင်ပါလိမ့်မည်။

အိမ်ထောင်သည်ဘဝ၊ သားတို့ အမေဘဝတွင်လည်း အိမ်ထောင်စုအတွက် ကြိုးစားတည်ဆောက်ရင်း အချိန်ကုန်လွန်ခဲ့ကာ ပတ်ဝန်းကျင်အတွက် လူမှုရေး၊ သာသနာရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကြီးပွားရေးကိစ္စများကိုလည်း တစ်နိုင်တစ်ပိုင် လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ရင်း ရုန်းကန်ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါသည်။

တစ်ပါးသူကို အပြစ်တင်ပြောဆိုနေမည့်အစား မိမိကိုယ်တိုင်၏ လိုအပ်ချက်များ၊ အပြောအဆို၊ အလုပ်၊ အတွေးအကြံများတွင် မိမိ၏ မှားယွင်းနေမှုများကို ဆန်းစစ်ပြုပြင်ပြီး ကိုယ့်ဝန်းကျင်ထဲမှာ နေပျော်သောဘဝကို ဖန်တီးနိုင်ခွင့်ရှိပါသည်။ ရလာသောအခွင့်အရေးကို အသိပညာ၊ အတွေ့အကြုံ၊ သတိ၊ ဝီရိယများဖြင့် ပြုပြင်ဖန်တီး တည်ဆောက်နိုင်ပါက လှပသောအိပ်မက်များနှင့် အနာဂတ်များ၊ မနက်ဖြန်များစွာကို ကျေနပ်ပျော်ရွှင်စွာ ကျော်ဖြတ်သွားနိုင်ပါလိမ့်မည်။

တစ်ဦးချင်းဘဝမှသည် အိမ်ထောင်စုအတွက်၊ အိမ်ထောင်စုများမှသည် မြို့နယ်ဒေသအတွက်၊ မြို့နယ်ဒေသတိုင်းမှသည် နိုင်ငံအတွက် ရည်ရွယ်ဆောင်ရွက်ကြရပါမည်။ ချစ်စရာကောင်းသော သဘာဝတရားများတည်ရှိရာ၊ ငြိမ်းချမ်းစေသော ဘာသာရေးသဘောတရားများ လွှမ်းမိုးရာ၊ လူနေမှု၊ ရိုးရာယဉ်ကျေးမှုသဘောတရား အယူအဆများ မြင့်မြင့်မားမားနှင့် ရှေးအဆက်ဆက်က မှတ်ကျောက်တင်နိုင်ခဲ့ရာ အမိမြန်မာပြည်ကို မြတ်နိုးခုံမင်စိတ်ဖြင့် ကြည့်ကြစေလိုပါသည်။ ကိုယ့်ရေကိုယ့်မြေ ကိုယ့်သဘာဝအတွင်း ရှင်သန်ခွင့်ပြုထားသော ကိုယ့်ကံကြမ္မာကို အားရကျေနပ်သင့်ပါသည်။ ဒီတိုင်း ဒီပြည်၊ ဒီရေသောက် ဒီမြေမှာနေပြီး အမေကျော် ထွေးတော်လွမ်း စိတ်ဓာတ်မျိုးဖြင့် ပြည်ပကို ငေးမောအထင်ကြီး အားကျမနေသင့်ပါ။

ကိုယ့်အခြေကိုယ့်အနေကို အကောင်းဆုံးတိုးမြှင့်လာအောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရမည်မှာ မြန်မာပြည်တစ်ဝန်း နေထိုင်နေကြသည့် လူမျိုးဘာသာ၊ အသားအရောင် အဆင့်အတန်းမျိုးစုံမှာ မြန်မာပြည်သား ညီနောင်ဘွားများ၏ တာဝန်သာဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်သူတိုင်း မြန်မာပြည်ကို တာဝန်မဲ့ပြောဆိုလုပ်ဆောင်မှုများ မဖြစ်ရအောင် ဆင်ခြင်သင့်လှပါသည်။

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေခွင့် ရရှိနိုင်ရေးသည် အရေးကြီးဆုံးသော အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်များ စာပေတတ်မှု၊ အခြေခံပညာတတ်မှု ထိုသူများစုဝေးနေထိုင်ရာ လူမှုပတ်ဝန်းကျင်သည် ပညာရေးမြင့်ပြီး ကျန်းမာရေးအသိရှိကာ ကာယအား၊ ဉာဏအားကောင်းကောင်းဖြင့် စီးပွားရေး၊ လူမှုရေးနှင့် သာသနာရေးတို့ကို တိုးတက်မြင့်မားအောင် သယ်ပိုးဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။ အခြေခံပညာ တတ်မြောက်ပြီးမှသာ စည်းကမ်းသိသော၊ တာဝန်သိသော၊ တာဝန်ကျေသော၊ တာဝန်ယူတတ် တာဝန်ယူနိုင်သော လူမှုအဖွဲ့အစည်းဖြစ်လာကာ အရာရာ၌ အဆင့်မြင့်မြင့်နေနိုင်ခွင့်ရပါမည်။

ပညာအခြေခံရှိသော လူငယ်များ၏ စုပေါင်းဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေးတိုးတက်မှု ရှိလာသည်နှင့်အမျှ နိုင်ငံအတွက်လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအဆင့်ကို တဖြည်းဖြည်း ရင့်ကျက်တည်ဆောက်လာနိုင်မည်ဖြစ်ပါသည်။

ကိုယ့်ဘဝအတွက် အသိပညာ၊ စီးပွားဥစ္စာ၊ လူမှုရေး၊ ကျန်းမာရေး၊ သာသနာ၊ ဘာသာရေး၊ အတွေးအမြင်၊ သီလ၊ သမာဓိ တည်ဆောက်မှုစသော လောကီလောကုတ်လုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း ကြိုးပမ်းလုပ်ဆောင်ကြရင်း တစ်ဖက်မှလည်း အတ္တပရလုပ်ငန်းများကို မျှမျှတတလုပ်ကြရမည်ဖြစ်ပါသည်။ ကိုယ့်အတွက် အသိပညာ ရှာဖွေကြိုးကုတ်လေ့လာ လုပ်ဆောင်သကဲ့သို့ ကိုယ့်ဝန်းကျင်ကိုလည်း လက်ဆင့်ကမ်းဝေမျှကူညီဆွဲတင်ကြရမည် ဖြစ်ပါသည်။

နှစ် ၅၀၊ ၆၀အတွင်း နှစ်ယောက်တစ်ဘဝမှ စတင်ခဲ့သောဘဝများတွင် သားသမီးများ၏ ဘဝကို ထူထောင်ပေးနိုင်ရေး၊ မြေးမြစ်များ ဘဝကိုပါ လုံခြုံချမ်းမြေ့စေရေးတို့အတွက် ကြိုးစားရုန်းကန် တည်ဆောက်ကြရင်း ဘဝအမောမပြေသူများ၊ မပြေလည်မှုနှင့် လုံးချာလည်နေသူများလည်း ရှိပေမည်။ သို့သော် အဘက်ဘက်မှ ဆင်ခြင်စဉ်းစားကြည့်ပါလျှင် များသောအားဖြင့် အဘိုး၊ အဖေတို့ အခြေအနေထက်မြင့်အောင် ကြိုးစားနိုင်ခဲ့ကြသည်ကများသည်ဟု ဆိုနိုင်ပါသည်။ စုပေါင်းကြိုးစား စွမ်းဆောင်ကြမှု၊ တစ်ယောက်တစ်လက်ခွဲဝေမျှပေး လက်ဆင့်ကမ်းမှုများကြောင့် မနေ့ကထက်သာသော၊ မြင့်သော အခြေအနေများကို ယနေ့ တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။ ထို **မနေ့က**များကို ပြန်သုံးသပ်ကာ ကြိုးစားစုပေါင်းလုပ်ဆောင်ကြမည်၊ အတွေးအမြင်ကောင်းများဖြင့် ဆက်ဆံပြောဆိုကြမည်၊ အကျင့်စရိုက်ဆိုးများ ပြုပြင်ပယ်ဖျောက်ကြမည်၊ ဝိုင်းဝန်းစွမ်းဆောင်ကြမည် ဆိုပါက **ယနေ့**များပါ တိုးတက်ကောင်းမွန်လာပြီး အားလုံး၏ မနက်ဖြန်များသည်လည်း သာယာဝပြော ငြိမ်းချမ်းလုံခြုံဘေးကင်းပြီး နေချင်စဖွယ် ပြည်မြန်မာဖြစ်လာမည်မှာ မုချဧကန်ပင် ဖြစ်ပါသည်။

အားလုံးအတွက် မနက်ဖြန်ကို တာဝန်ကိုယ်စီကျေပွန်စွာ တည်ဆောက်နိုင်ကြမှသာ နောက်ပိုင်းဆက်ခံမည့် မျိုးဆက်သစ် သားမြေးများဘဝ "လုံခြုံချမ်းမြေ့ ကျန်းမာရွှင်လန်းစွာ" ရှင်သန်နေထိုင်ခွင့်ရပေလိမ့်မည်။ ထို့ကြောင့် အားလုံးအတွက် မနက်ဖြန်ကို ဝိုင်းဝန်းလက်တွဲ တည်ဆောက်နိုင်ကြရန် အထူးအရေးကြီးပါသည်။ မျှော်မှန်းထားသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအတွက် အသိပညာဆင်ခြင်မှုများ၊ စည်းလုံးညီညွတ်မှုများ၊ တာဝန်ကိုယ်စီ ကျေပွန်မှုများ၊ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ စာရိတ္တနှင့် စည်းကမ်းရှိမှုများ၊ မျိုးချစ်စိတ်ဓာတ်များ၊ ရိုးသားသော၊ ရိုင်းပင်းကူညီတတ်သော အကျင့်စရိုက်များ၊ ပြေပြစ်ယဉ်ကျေးချိုသာ မှန်ကန်သော ပြောဆိုဆက်ဆံမှုများ၊ အကောင်းအဆိုး အကြောင်းအကျိုး မှန်ကန်စွာဆင်ခြင်သုံးသပ်ဝေဖန် ပိုင်းခြားတတ်မှုများ၊ စုပေါင်းပါဝင်လုပ်ဆောင်လိုမှုများ၊ ကိုယ့်စာပေယဉ်ကျေးမှုကို အလေးထားမြတ်နိုးတတ်မှုများစသည်ဖြင့် များစွာသောပေးဆပ်လုပ်ကိုင် ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ခရီးဆက် ချီတက်ကြရဦးမည်ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံသားအားလုံးသည် စိတ်တူ၊ ကိုယ်တူ အချိုးကျတာဝန်ယူ ပူးပေါင်းလက်တွဲ လုပ်ဆောင်ကြရင်း အားလုံးအတွက် မနက်ဖြန်များ-

- **လှပသစ်လွင် ဝေဆာပါစေ။**
- **ချမ်းမြေ့ကြည်နူးသံများ လွှမ်းပျံ့ပါစေ။**
- **သားသားမီးမီးများအတွက် လုံခြုံချမ်းမြေ့နေချင်စဖွယ် ကမ္ဘာလေးများ တည်ဆောက်ပေးနိုင်ကြပါစေ။**
- **'မြန်မာ'ဟူသည် နာမဂုဏ်ဒြပ်တို့ ကမ္ဘာ့သမိုင်းမှာ မော်ကွန်းတင် ကမ္ပည်းရေးထိုးနိုင်ပါစေ။**
- **ပြည်ထောင်စုကြီး စည်းလုံးခိုင်မြဲစွာ အစဉ်ထာဝရ တည်နိုင်ပါစေ**

ဟူ၍ အလေးအနက် ဆန္ဒပြုလိုက်ပါသည်။

အားလုံးအတွက် မနက်ဖြန်များကို အားလုံးပါဝင် လက်တွဲလျက် ပုံဖော်စွမ်းဆောင် အောင်မြင်နိုင်ကြပါစေ။ ။

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် ဟော်ကီအခြေခံကစားနည်းစနစ် ခုနစ်မျိုး ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၀

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ ဟော်ကီကစားရာတွင် အခြေခံကျသည့် ကစားနည်း နည်းစနစ် ခုနစ်မျိုး ပြိုင်ပွဲကို ယနေ့နံနက်က သိမ်ဖြူ မြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲသို့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်လှိုင်၊ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးခင်မောင်လတ်၊ ဘဏ္ဍာရေးမှူး ဦးအောင်သန်းနှင့် အမှုဆောင်များ၊ မျိုးဆက်သစ်ဟော်ကီအားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အခြေခံကျသည့်ကစားနည်း ခုနစ်မျိုးကို တစ်ခုချင်းအလိုက် ယှဉ်ပြိုင်စေပြီး အမှတ်ပေးစနစ်ဖြင့် ရွေးချယ်သည်။ ထူးချွန်သည့် အားကစားသမား မျိုးဆက်သစ်များကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပြီး ရွေးချယ်ရာတွင် အဆင့်မမီသေးသည့် မျိုးဆက်သစ်များကိုပါ ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၁၉)

မျိုးဆက်သစ် ဟော်ကီအားကစားသမားလူငယ်များအား အဖွဲ့ချုပ် အမှုဆောင်များနှင့် တွေ့ရစဉ်။ (၁၉)



အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကျောင်းအပ်နှံပြီးစီးမှု၊ စာသင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စာသင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုက်မရောမြို့နယ် လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် ကျေးရွာများရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကတိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကာ ကျောင်းအတွင်း ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် တိုက်နယ်ပြည်သူ့ဆေးရုံရှိ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ချီးမြှင့်ငွေများ ပေးအပ်ပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံကပိုင်ကျေးရွာရှိ လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် သံကပိုင်ကျေးရွာ၌ ကျင်းပသော တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၂၀

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) က မသန်စွမ်းသူများ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေး အလုပ်အကိုင်ရရှိရေးများကို ဆောင်ရွက်ပေးလျက်ရှိရာ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် အခမဲ့ အခြေခံ ကွန်ပျူတာသင်တန်း ခြောက်ကြိမ်နှင့် Hardware သင်တန်း တစ်ကြိမ်ကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများကို ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့၍ မိမိကိုယ်ပိုင်လုပ်ငန်းအဖြစ် ဖွင့်လှစ်လုပ်ကိုင်နိုင်ရန်အထိ တိုးချဲ့ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

အခမဲ့ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် ၂/ ၂၀၁၀-၂၀၁၁ ကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသော မသန်စွမ်းသူများသည် ဇွန် ၂၅ ရက် နောက်ဆုံးထား၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်းအမှတ် (၇၉၇) အခန်း(၁၀၄-ဘီ) မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉၊ ၀၉-၆၈၁၆၉၃၊ ၀၉-၅၀၃၄၄၀၄ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများလည်း အဆိုပါရုံးခန်းသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်/ဆက်ရုံး၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ကျောက်တံတား) စာကြည့်တိုက်သို့ ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်နေ စာပေအလှူရှင် ဗိုလ်မှူးကြီးအုန်းခင်(ငြိမ်း)-ဒေါ်သန်းရီ (စာရေးကိရိယာနှင့် ဓာတ်ပုံရောင်းဝယ်ရေး) မိသားစုက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ NEWS WEEK နှင့် TIME မဂ္ဂဇင်း စောင်ရေ ၅၀၀ ကို ဇွန် ၈ ရက် နံနက် ၁၁ နာရီက လာရောက်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦး လက်ခံရယူ၍ ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့သည်။**(ဓါတ်ပုံ)** (ခရိုင်ပြန်/ဆက်)

ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

နေပြည်တော်လယ်ဝေး ဇွန် ၂၀

နေပြည်တော်လယ်ဝေးမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၏ ရွှေကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက နေပြည်တော်လယ်ဝေးမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပရာ နေပြည်တော်ခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်လယ်ဝေးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရွှေကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား နယ်မြေခွဲဝေ တာဝန်ပေးမှုအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ၆၅ အုပ်စုမှ သင်တန်းသား ၉၂၂ ဦး တက်ရောက်ကြသည်။ (၁၁၈)

တံတားဆောက်လုပ်

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ မေ ၂ ရက်က ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ရုံးလမ်းနှင့် စည်ပင်ခန်းမရှေ့လမ်းထောင့် သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းရေး

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့ရှိ ဒင်္ဂါးချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရန် မြောင်းအတွင်းရှိ အမှိုက်များ ဆယ်ယူခြင်း၊ ရေမြောင်းကျောက်ရိုးဆေးသုတ်ခြင်းလုပ်ငန်းအား မေ ၁၅ ရက်က အဖွဲ့ရုံးဝန်ထမ်းများဖြင့် ဆောင်ရွက်ပြီးစီးမှုကို မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက်၌ ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ဆွေ၊ စက်မှုဇုန်ဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်နိုင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ပညာပေးနှိုးဆော်ချက်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် နိုင်ငံတော်အတွင်းရှိ ငါးမွေးမြူခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသည့် အာဖရိကငါးခူ (Clarias gariepinus) များသည် သဘာဝသယံဇာတများကို ပျက်စီးစေကြောင်းနှင့် ဒေသခံငါးမျိုးများကို ပြုန်းတီးစေကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါ အာဖရိက ငါးခူများကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခွင့်မပြုကြောင်းနှင့် ပြည်တွင်းတွင် လက်ရှိသားဖောက်ထုတ်လုပ်နေသည့် အာဖရိက ငါးခူများကို ဆက်လက်သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည်တို့ကို မပြုလုပ်ကြရန်၊ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၁ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်၍ ငါးလုပ်ငန်းလုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သတိပေးထားရှိသည်။

သို့ဖြစ်၍ ဤအမိန့်ကြော်ငြာစာပါ သတိပေးတားမြစ်ချက်များကို လိုက်နာကျင့်သုံးကြရန်နှင့် အာဖရိက ငါးခူများအား သားဖောက်ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာကြည့်တိုက်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးတို့အား စမ်းချောင်းမြို့နယ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားကြကာ ဗားကရာလမ်းတစ်လျှောက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုက်စကိုင်းကျေးရွာရှိ မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုက်ကြီးမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် စစ်ပင်ဝဲကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်အတွက် အလှူငွေများ၊ ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြကာ စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဓမ္မိတ်ကျေးရွာနှင့် တော်လတီ စံပြကျေးရွာတို့ရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် ဥတို-အဖျောက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိပ်ဖြူမြို့နယ် ထင်းအစား အခြားလောင်စာသုံးစွဲရေး ပညာပေးဆွေးနွေးဟောပြောပွဲနှင့် အေဝမ်းမီးဖိုဖြန့်ဝေပွဲ အခမ်းအနားကျင်းပ

ဆိပ်ဖြူ ဇွန် ၂၀

ဆိပ်ဖြူမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ၂၀၁၀-၂၀၁၁ ထင်းအစား အခြားလောင်စာသုံးစွဲရေး ပညာပေးဆွေးနွေးဟောပြောပွဲနှင့် အေဝမ်းမီးဖို ဖြန့်ဝေပွဲ အခမ်းအနားကို ဇွန် ၆ ရက်တွင် ချင်တောင်စံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် စိမ်း/စို ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစိုးမိုးက ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ကျေးရွာလူထုအား ပညာပေးဆွေးနွေးဟောပြောပြီး **(အောက်ပုံ)** အေဝမ်းမီးဖိုများအား ကျေးရွာပြည်သူလူထုကို ဖြန့်ဝေပေးသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ် အတွင်းရေးမှူး ဦးနေမျိုးနန္ဒ၊ မြို့နယ် စိမ်း/စိုဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းနာယကကြီးများ၊ အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ရှိသူတို့က နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်း၊ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူကာ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးစိန်သန်းတို့ပါဝင်သော အမှုဆောင်အဖွဲ့ဝင် ၂၉ ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌသစ်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းစေရန်အတွက် အဘိတ်ဆေးခတ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းများ မပေါက်ပွားအောင် လုပ်ဆောင်ရေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉နာရီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်း ငှက်ဖျားရောဂါကု ဆရာဝန်ကြီး ဒေါက်တာဆွေဇင်ဝင်းနှင့် (ရ-ပ-က-န) အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ထူးလှိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ရပ်ကွက်လုံးကျွတ် ဆေးဖျန်းနေမှုကို လိုက်လံကြည့်ရှု အားပေးကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

မြန်မာပို့စ်ဂျာနယ် အတွဲ (၂) အမှတ် (၂၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀လွှန် စီးပွားရေးအထောက်အကူပြုရန် ပုဂ္ဂလိကဘဏ်သစ်လေးခု ထပ်မံခွင့်ပြုလိုက်ပြီနှင့် တိုးချဲ့ကမ်းနားလမ်းသစ်ဖောက်လုပ်မှုကို အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်နေပြီ၊ ခေတ်မီဆိပ်ကမ်းနှင့် ခေတ်မီကုန်သေတ္တာစခန်းကြီးအဖြစ် တည်ဆောက်သွားမည် စသည့် မျက်နှာဖုံးအထူးသတင်းများ အနှစ် ၂၀ကာလအတွင်း စူပါမတ်ကက်နှင့် ဟိုင်ပါမတ်ကတ် (ဟိုင်ပါစင်တာ) နိုင်ငံတကာအဆင့် ခေတ်မီလက်လီအရောင်းဈေးကွက်တွင် စူပါဝမ်း၊ စိန်ဂေဟာ၊ ဂမုန်းပွင့်၊ ယုဇန၊ Asia Light၊ စီးတီးမတ် စသည်တို့ ပေါ်ထွန်းလာ၊ ဈေးကွက်ယှဉ်ပြိုင်မှု ကြီးထွားလာ၊ ယခုနှစ်နှစ် ၊ သုံးနှစ်ကာလအတွင်း ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာ အထူးသတင်းဆောင်းပါးနှင့် မြန်မာနိုင်ငံသည် ရတောင့်ရခဲသဘာဝအလှအပများရရှိထား၊ အရှေ့တောင်အာရှတွင် ကမ္ဘာ့လှည့်ခရီးသည် အဆွဲဆောင်နိုင်ဆုံးနေရာဖြစ်လာမည် အထူးသတင်းနှင့် အထူးသတင်းဓာတ်ပုံများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ နေဇင်လတ်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် မိတ်ဆက်ပွဲကျင်းပ၊ ခေတ်သစ်ပြည်သူ့ပါတီဆိုင်းဘုတ်တင်ပြီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(ဌာနချုပ်)ဆိုင်းဘုတ်တင် စသည့် သတင်းများနှင့် ဆရာမောင်စူးစမ်း၏ နိုင်ငံရေးရာသီဥတုနှင့် စိုးမိုးပါရာဒိုင်းဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် လျှပ်စစ်လိုအပ်မှု ပြဿနာကျော်လွှားရန် လျှပ်စစ်ခွဲတာရေး မီးသီး၊ မီးချောင်းနှင့် မီးကွေးဈေးကွက်အရောင်းသွက်၊ မင်္ဂလာဈေး မီးလောင်ဆိုင်ခန်းများ ယာယီနေရာချမည့် ဈေးဆိုင်ခန်းပေါင်း ၂၄၁၆ခန်း အမြန်တည်ဆောက်လျက်ရှိ၊ စင်ကာပူနှင့် တရုတ်ကုမ္ပဏီများပူးပေါင်း၍ မြန်မာနိုင်ငံတွင် လိုက်ထရပ်ကားများ ဖြန့်ဖြူးရောင်းချရန်ရှိ၊ ရန်ကုန်တိုင်း သွေးလွန်တုပ်ကွေးကာကွယ်မှုကြောင့် ရောဂါသိသိသာသာကျဆင်း၊ သားရဲတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး မြန်မာနှင့် စင်ကာပူ ပူးပေါင်းဆောင်ရွက်မည် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အမှိုက်များ သိမ်းဆည်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် ဈေးတာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



အနေးယာဉ်စီးနင်းသူများ လိုက်နာရန်

၁။ ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့အနေးယာဉ်များကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အနေးယာဉ်များ (ဆိုက်ကား၊ စက်ဘီး၊ ဂါလီနှင့် လက်တွန်းလှည်း အမျိုးမျိုး) အနေဖြင့် အောက်ပါ စည်းကမ်းချက်များအား လိုက်နာကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ရန်ကုန်မြို့တွင်း အရှေ့ဘက်-ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက်-လမ်းမတော်လမ်း၊ တောင်ဘက်-ကုန်သည်လမ်း၊ မြောက်ဘက်- ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား နံနက် ၅ နာရီမှ ည ၁၀ နာရီအတွင်း အနေးယာဉ်များ မဝင်ရ။

(ခ) ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးဝိစာရလမ်းနှင့် ကန်ပတ်လမ်း (ကန်တော်ကြီးပတ်လည်)တို့တွင် နေ့/ည လုံးဝ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လမ်းပြောင်းပြန် စီးနင်းခြင်းမပြုရ။

(ဃ) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။

(င) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

(စ) ညအချိန် ရောင်ပြန်မပါဘဲ စီးနင်းခြင်း မပြုရ။

၂။ မြို့တွင်းခြောက်မြို့နယ်တွင် စည်းကမ်းမဲ့အနေးယာဉ်များကြောင့် ယာဉ်ကြောများ ပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ခြင်းတို့ကြောင့် အနေးယာဉ်များအား မှတ်ပုံတင်ခြင်းကို နှစ်အလိုက်လျှော့ချ၍ တဖြည်းဖြည်း ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဝါးကတုတ်ရေလှောင်တမံကို ရေသိုလှောင်ထားမှုနှင့်အတူ တွေ့ရစဉ်။

ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များသည် ဇွန် ၉ ရက် နံနက်ပိုင်းက တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား လက်ရှိ ဖြန့်ဖြူးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒုတိယဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အား ဖြန့်ခွဲပေးရေးနှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြားသည်။

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် ပြည် ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်းရှိ ဧရာဝတီမြစ် အတွင်းမှ ရေတင်သည့် ရေတင်စက်အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက မြစ်ရေတင်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒုတိယဥက္ကဋ္ဌသည် ပြည်မြို့ ရေလှောင်ကန် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကမ်းနားလမ်းတွင် ဧရာဝတီမြစ် မြေထိန်းနံရံနှင့် တာပေါင်တို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ဝင်ရောက်လိုက်ပါက ဝါးကတုတ်ရေလှောင်တမံကို တွေ့ရှိရသည်။ တည်ဆောက်ရေး(၁)မှ ဦးစီးအရာရှိ ဦးသာထွန်းဦး၊ ဒုတိယဦးစီးမှူး ဦးအောင်သန်းတို့နှင့် တွေ့ဆုံခဲ့ပြီး ဝါးကတုတ်ရေလှောင်တမံနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာခဲ့သည်။

ဝါးကတုတ်ရေလှောင်တမံ တည်ဆောက်ခြင်းရည်ရွယ်ချက်သည် ဝါးကတုတ်ချောင်းပေါ်တွင် မြေသားတမံ တည်ဆောက်၍ မိုးယွန်းကြီးအင်းသို့ ရေကူပေးပြီး ရန်ကုန်မြို့ (အရှေ့ခြမ်း) မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံ စိုက်ပျိုးခြင်းကို အထောက်အကူပေးသွားရန်ဖြစ်သည်။ မိုးယွန်းကြီးအင်းသည် ရန်ကုန်-ပဲခူး-မန္တလေးကားလမ်းဘေး ပဲခူးမြို့နယ်တွင် တည်ရှိပြီး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မိုးယွန်းကြီးအင်းသို့ စီးဝင်စေပြီး မိုးယွန်းကြီးအင်းထဲသို့ ရောက်ရှိသောရေကို မိုးယွန်းကြီး ရေထိန်းတံခါးမှတစ်ဆင့် စစ်တောင်းတူးမြောင်းအတွင်းသို့ လွှဲယူသည်။ ထိုမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းမှ ရေကို ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှ အုန်းနဲ့ချောင်းသို့ သွယ်ယူသည်။ ထို့နောက် သနပ်ပင်-သုံးခွကားလမ်း နံဘေးတစ်လျှောက် တူးမြောင်းစနစ်ဖြင့် ရေပေးဝေမည်ဖြစ်သည်။

ဝါးကတုတ် ရေလှောင်တမံသည် မိုးယွန်းကြီးအင်း ရေကူရေလှောင်တမံပင်ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မိုးယွန်းကြီးအင်းသည် ၁၈၇၅ ခုနှစ် (ခန့်မှန်း)က တူးဖော်ခဲ့၍ ယခုအခါ နှစ်ပေါင်း ၁၃၅ နှစ်ခန့်ရှိခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ ဝါးကတုတ်ရေလှောင်တမံမှ နှစ်စဉ် မိုးယွန်းကြီးအင်းသို့ ဆည်ရေများချပေးကာ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရေအတွက် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ ရေပေးဝေခဲ့ရာ စုစုပေါင်း ၁၇၆၄၉ ဧကပေးဝေနိုင်ခဲ့ကြသည်။ ဝါးကတုတ်ရေလှောင်တမံ အဓိကအချက်အလက်များမှာ တမံအမြင့် ၈၆ ပေ၊ ပင်မတမံအလျား ပေ ၆၄၀၀၊ ကုန်းကျောတမံ ၃၁၅၅ ပေ ရှိသည်။ ရေဆင်းဧရိယာ ၁၀ စတုရန်းမိုင်၊ နှစ်စဉ် စီးဝင်ရေ ၃၂၄၀၆ ဧကပေ(ပျမ်းမျှ)၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၂၆၀၀ နှင့် ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၁၂၀၀ ရှိသည်။ ကန်ရေပြည့်ရေပြင် ကျယ်ဧရိယာမှာ ၁၄၀၃ ဧက ရှိသည်။

ရေထုတ်ပြွန်ကို လေ့လာရာတွင် အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အရွယ်အစား ၆ ပေ × ၄ ပေ(တစ်ပေါက်)၊ ရေထုတ်ပြွန်အလျား ၂၅၅ ပေ၊ ရေထုတ်ပြွန်ဒီဇိုင်းရေထုစီးနှုန်း ကုဗပေ/စက္ကန့် ၃၀၀ ဖြစ်သည်။ ရေပိုလွှဲ အမျိုးအစား သံကူကွန်ကရစ် (Broad Crested) ရေပိုလွှဲ အကျယ်ပေ ၃၀ နှင့် အလျား ပေ ၄၃၀ ရှည်လျားသည်။ ရေပိုလွှဲဒီဇိုင်း ရေထုစီးနှုန်း ၃၃၈ ကုဗပေ/စက္ကန့်ရှိသည်။

ထိုအရပ်ဒေသတွင် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၁၃၂ လက်မရှိ၍ မိုးကောင်းသောဒေသဖြစ်ပြီး ရေသိုလှောင်မှုမှာ အားကောင်းလျက်ရှိသည်။ ဝါးကတုတ်ရေလှောင်တမံမှ ပို့လွှတ်လိုက်သော စိုက်ပျိုးရေသည် အဆိုပါ မိုးယွန်းကြီးအင်းမှ ထိန်းသိမ်း၍ စပါးစိုက်ပျိုးရေး၊ ရန်ကုန်မြို့ (အရှေ့ခြမ်း) မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းများကို တောင်သူများ အကျိုးကျေးဇူးများစွာ ခံစားနေရပြီဖြစ်သည်။

ဝါးကတုတ်ဆည်ရေသည် ၂၀၀၉ ခုနှစ်ကစတင်၍ ရရှိခံစားနေကြပြီသည်။ တမံကြီးမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲရေးကို အဓိကထား၍ ထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းတင်ပြ ရေးသားလိုက်ရပါသည်။ ။

ဝါးကတုတ် ရေလှောင်တမံ ရေသိုလှောင်ထားမှုကို တွေ့ရစဉ်။

ဝါးကတုတ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို ခံ့ထည်စွာ တွေ့ရစဉ်။

ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ဝေါ ဇွန် ၂၀

ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက မိုးယွန်းကြီးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး အတွက် ထောက်ပံ့ငွေကျပ် ၁၄၇၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အကြီးတန်းစာရေး ဦးနိုင်ဝင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါတားမြစ် ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီး တရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှု စစ်ဆေး

ဝမ်းတွင်း ဇွန် ၂၀

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝမ်းတွင်းဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေဇုတ်များ၊ မီးသတ်ရေလှောင်ကန်များ စနစ်တကျဆောင်ရွက်ထားရှိမှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ဇွန် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



၂၀၁၀ ခုနှစ် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမှာစကားပြောကြားစဉ်။ (အလေးမအဖွဲ့ချုပ်)

(၁၂) ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၁၀ ခုနှစ် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မေ ၂၄ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သော အလေးမဒိုင်လူကြီး သင်တန်းသို့ ဖြေဆိုအောင်မြင်သူ ၁၂ ဦးတို့အား အလေးမဒိုင်လူကြီးလိုင်စင်ကို အပ်နှင်းသည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ အမျိုးသား ပထမတန်းအဆင့် ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ပြည့်ဖြိုး (ကာကွယ်ရေးဝန်ကြီးဌာန)က ၎င်းကိုယ်တိုင်တင်ထားသော အမြန်မ မြန်မာပြည်စံချိန်ဟောင်း ၁၁၈ ကီလိုကို ၁၁၉ ကီလိုဖြင့် မြန်မာပြည်စံချိန်သစ်တင်နိုင်ပြီး ၆၂ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ကျော်မိုးဝင်း (လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန) က အကြိမ်ပို နှစ်ဆင့်မပြိုင်ပွဲ၌ ၎င်းကိုယ်တိုင်တင်ထားသော မြန်မာပြည်စံချိန်ဟောင်း ၁၇၂ ကီလိုကို ၁၇၃ ကီလိုဖြင့် သာလွန်စွာ မ နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံ ပထမဆု နှစ်ဆုရရှိသော အောင်ပွဲရ မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၀

ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ROYAL RAYONG GREEN VALLEY COUNTRY CLUB, PATTAYA ၌ ကျင်းပသည့် "2010 MERCEDES TROPHY MASTERS GOLF CHAMPIONSHIPS" ဂေါက်သီးရိုက်ပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိခဲ့သော အဖွဲ့ခေါင်းဆောင် ဦးမျိုးထွန်း၊ အသင်းနည်းပြ ဦးစိုးကျော်နိုင် ဦးဆောင်သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းသည် ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

အောင်ပွဲရမြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအသင်းအား အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ လက်ရွေးစင်အသင်းနည်းပြချုပ် ဦးကိုကိုလေးနှင့် တာဝန်ရှိသူများ၊ AIR BAGAN မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သဂ်ဟများက ကြိုဆိုကြသည်။

"2010 MERCEDES TROPHY MASTERS GOLF CHAMPIONSHIPS" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက် (၁၂)နှစ်အောက်နှင့် အသက် (၁၄)နှစ်အောက်၊ အမျိုးသားအသက် (၁၈)နှစ်အောက်နှင့် အသက် (၂၁)နှစ်အောက် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသား အသက် (၂၁)နှစ်အောက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမ၊ ဒုတိယနှင့် တတိယ ဆုများရရှိကြပြီး မြန်မာ့လက်ရွေးစင်များ ဖြစ်ကြသည့် နေဗလဝင်းမြင့်က (၇၄ + ၇၅ + ၆၆) သုံးရက် စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် ပထမချန်ပီယံဆု၊ စိုးမိုးဝင်းက (၇၃ + ၇၄+ ၇၆) သုံးရက် စုစုပေါင်း ရိုက်ချက် ၂၂၃ ချက်ဖြင့် ဒုတိယဆုနှင့် ရန်မျိုးအေးက (၇၆+၇၄+၇၆) သုံးရက် စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့် တတိယ ဆုများ အသီးသီးရရှိခဲ့ကြသည်။

၂၀၀၈ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပသည့် WORLD JUNIOR အသက် (၁၈)နှစ်အောက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူ နေဗလဝင်းမြင့်သည် ၂၀၀၉ ခုနှစ်(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်စဉ် (ဘယ်ဘက်ပခုံးရိုးအဆစ်ကျိုး) ဒဏ်ရာရရှိခဲ့ရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဆေးကုသစရိတ်များ အကုန်အကျခံကာ စင်ကာပူနိုင်ငံတွင် ဆေးကုသပေးပြီး ခြောက်လခန့် အနားယူခဲ့ပြီးနောက် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသမီး အသက် (၁၄)နှစ်အောက် ပြိုင်ပွဲတွင် မယဉ်မေမျိုး (မြန်မာ)က (၇၇ + ၇၇ + ၇၉) သုံးရက် စုစုပေါင်းရိုက်ချက် ၂၃၃ ချက်ဖြင့် ပထမချန်ပီယံဆုများကို ရရှိခဲ့ပြီး ၎င်းသည် ယခင်ပြိုင်ပွဲများနှင့် ယခုပြိုင်ပွဲအပါအဝင် ချန်ပီယံပထမဆုများကို သုံးကြိမ်မြောက် ဗိုလ်စွဲအနိုင်ရရှိခဲ့သော မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီး အားကစားမယ်လေးဖြစ်သည်။

"2010 MERCEDES TROPHY MASTERS GOLF CHAMPIONSHIPS" ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အဆင့် (၁)မှ အဆင့် (၄)အထိရရှိသူများသည် ၂၀၁၀ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်တွင် ပေါ်တူဂီနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ROYAL RAYONG GREEN VALLEY COUNTRY CLUB, PATTAYA၌ ကျင်းပခဲ့သည့် "2010 MERCEDES TROPHY MASTERS GOLF CHAMPIONSHIPS" ဂေါက်သီးရိုက်ပြိုင်ပွဲ အမျိုးသား အသက် (၂၁) နှစ်အောက်ပြိုင်ပွဲတွင် ပထမချန်ပီယံဆုရ နေဗလဝင်းမြင့်နှင့် အမျိုးသမီး အသက် (၁၄) နှစ်အောက် ပြိုင်ပွဲတွင် ပထမချန်ပီယံဆုရ မယဉ်မေမျိုးတို့အား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

ဇွန် ၉ ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကမ်းနားလမ်း ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ကော်မတီများ၊ လက်ဝှေ့ကလပ်အသင်းများတွေ့ဆုံ

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ကော်မတီများ၊ လက်ဝှေ့ကလပ်အသင်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို သုဝဏ္ဏကွင်းအနီးရှိ Eagal Garden Restaurant ၌ ဇွန် ၂၀ရက် နံနက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အသစ်ပြန်လည်ဖွဲ့စည်းထားသော မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း လက်ဝှေ့ကော်မတီများမှ တာဝန်ရှိသူများ၊ လက်ဝှေ့ကလပ်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လက်ဝှေ့ အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး **(ယာပုံ)** အဖွဲ့ချုပ်ဥက္ကဋ္ဌသစ် ဦးရန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အမှုဆောင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၁၀ ခုနှစ် ဇွန်လအတွက် အုပ်ချုပ်သူ၊ နည်းပြနှင့် လက်ရွေးစင် အားကစားသမားများသို့ ပံ့ပိုးငွေကျပ်သိန်း ၃၀ ကို ဥက္ကဋ္ဌ ဦးရန်ဝင်းကပေးအပ်သည်။

ယင်းနောက် ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ရွေးစင် အားကစားသမားများ ရွေးချယ်ခြင်းနှင့် ပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားရှိမှုများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ၂၀၁၃ ခုနှစ်အတွက် မြန်မာနိုင်ငံတွင် ကျင်းပမည့် အားကစားပြိုင်ပွဲများအတွက် အောင်နိုင်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး စီမံချက်မူကြမ်းများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းတို့မှ လက်ဝှေ့ကော်မတီများ၊ကလပ်အသင်းများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(လက်ဝှေ့အဖွဲ့ချုပ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၅ ၉။ အပြည်ပြည်ဆိုင်ရာမူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀ ၅။ အပြည်ပြည်ဆိုင်ရာမူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၄း၅၅ ၆။ Football Planet ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်
၅း၁၅ ၇။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၅း၄၅ ၈။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပေါ်တူဂီအသင်းနှင့် မြောက်ကိုရီးယားအသင်း)
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ စည်းလုံးတဲ့မြေ [စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)]
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း)(အပိုင်း-၂)**
၁၄။ "သုခမရင်ပြင်"

နံနက်ပိုင်း

၁း၀၀ ၁၅။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (စပိန်အသင်းနှင့် ဟွန်ဒူးရပ်စ်အသင်း)
၁၆။ အစီအစဉ်ပြီး၏။

ချောက်မြို့နယ်အသင်း (ရန်ကုန်) ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၀

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇွန် ၂၆ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ပြီး နံနက်စာ မြန်မာထမင်း ဧည့်ခံခြင်းတို့ကို ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မင်္ဂလာသိဒ္ဓိကျောင်း (ဓမ္မသုခတိုက်) ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ကြွရောက်ကြပါရန် အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။

(၆၁)

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

မကွေး F.C နှင့် Southern Myanmar F.C တို့အနိုင်ရရှိ

ရန်ကုန် ဇွန် ၂၀

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်းတွင် မကွေးအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ်၊ အောင်ဆန်းကွင်းတွင် Southern Myanmar က နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သုဝဏ္ဏကွင်း)

မကွေး F.C - ခြောက်ဂိုး

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

မကွေးအသင်းမှာ ဇွဲကပင်အသင်းကို ခြေအသာဖြင့်ကစားပြီး ဂိုးပြတ်သွင်းကာ ပွဲဦးထွက် မျက်နှာပန်းလှသွားသည်။ မကွေးအသင်း၏ တိုက်စစ်တွဲလုံးများကို ဇွဲကပင်ယူနိုက်တက်နောက်တန်း မထိန်းနိုင်၍လည်း ဂိုးပြတ်ရှုံးနိမ့်သွားရခြင်း ဖြစ်သည်။

မကွေးအသင်းမှာ ပွဲစကတည်းက ဂိုးရရှိရန်ကြိုးစားခဲ့သလို ဇွဲကပင်ယူနိုက်တက်အသင်းမှာလည်း မိနစ် ၂၀ ခန့်အထိ အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၂၁ မိနစ်တွင် ဇွဲကပင်နောက်ခံလူ သန့်ဇင်ဦး ကိုယ့်ဂိုးကိုယ်သွင်းမိ၍ အဖွင့်ဂိုးရရှိပြီးနောက်ပိုင်း မကွေးအသင်း ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၂၅ မိနစ်တွင် တိုက်စစ်မှူးမျိုးဇော်ဦးက မကွေးအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ဆက်တိုက်ဆိုသလို မကွေး F.C က ဖိကစားခဲ့ရာ ၄၁မိနစ်တွင် ကိုကိုနိုင်က တတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးရရှိရန် ကြိုးစားလာသော်လည်း မကွေးခံစစ်ကို မကျော်နိုင်၍ နှစ်သိမ့်ဂိုးပင်မရခဲ့ပေ။ မကွေး F.C အတွက် အနိုင်ဂိုးများကို မိနစ် ၅၀ တွင် ပေါ်ထွန်းကျော်၊ ၅၃ မိနစ်တွင် စောဇင်ဦးနှင့် မိနစ် ၈၀ တွင် ထိုင်းဝမ်းထိုတို့က ထပ်မံသွင်းယူခဲ့ကြသည်။

(အောင်ဆန်းကွင်း)

Southem Myanmar -သုံးဂိုး

နေပြည်တော် - တစ်ဂိုး

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ကမ္ဘောဇ - ရန်ကုန်ယူနိုက်တက်

မကွေးနှင့် ဇွဲကပင်တို့ အကြိတ်အနယ်

မူးယစ်ကိုပစ်

ပန်းတိုင်သစ်

စိတ်သစ် လူသစ်

ဘဝသစ်

အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင်နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် သုည ဒသမ ၉၉ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကလေးမြို့နှင့် ဖျာပုံမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီနှင့် မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် သုည ဒသမ ၄၇ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင်နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်း အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်)	၉၄ ဒီဂရီဖာရင်ဟိုက်	၁၉-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၇၈ ဒီဂရီဖာရင်ဟိုက်		၂၀-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၇၁ ရာခိုင်နှုန်း		၂၀-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၄ ဒသမ ၂နာရီခန့်		၁၉-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၆-၂၀၁၀	မရှိပါ	၁ မမ	၉ မမ
		(၀ ဒသမ ၀၄ လက်မ)	(၀ ဒသမ ၃၅ လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၆၃၈ မမ	၇၀၃မမ	၇၁၅မမ
	(၂၅ဒသမ၁၂လက်မ)	(၂၇ဒသမ ၆၈ လက်မ)	(၂၈ဒသမ၁၅ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၉-၆-၂၀၁၀ ရက် ၂၀း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

စပိန်၊ ချီလီနှင့် ပေါ်တူဂီတို့ အနိုင်ရလဒ်ကို ပုံဖော်နိုင်မည်လား

အုပ်စု (G)က ပေါ်တူဂီနဲ့ မြောက်ကိုရီးယား၊ အုပ်စု (H) က ချီလီနဲ့ ဆွစ်ဇာလန်၊ စပိန်နဲ့ ဟွန်ဒူးရပ်စ်တို့ ဆုံတွေ့တဲ့ ပွဲစဉ်တွေမှာ စပိန်၊ ချီလီနဲ့ ပေါ်တူဂီတို့ အနိုင်ရလဒ်ကို ပုံဖော်နိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

○ အုပ်စု (F) မှ

မိုရယ်လ်၊ ဗီရာ၊ ဆေးလ်ဗား၊ ဆန်တာခရုဇ်၊ ဗဲလ်ဒက်ဇ်စတဲ့ အဓိကကစားသမားတွေပါဝင်လာခဲ့ပါတယ်။

နှစ်သင်းလုံး ပထမပွဲစဉ်မှာ တစ်မှတ်စီရထားပြီး အုပ်စုတက်မယ့် အခွင့်အရေးက ဆတူရှိနေပါတယ်။ ဒါကြောင့် ဒီနှစ်သင်းရဲ့ ပြိုင်ဆိုင်မှုဟာ ပြင်းထန်မှုရှိခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ဆလိုဗက်ကီးယားဟာ ပါရာဂွေးရဲ့ ကစားသမားပိုင်းနဲ့ အတွေ့အကြုံရင့်ကျက်မှုကို လိုက်မမီဘဲ ပထမပိုင်း ပွဲချိန် ၂၇မိနစ်မှာ ဗီရာနဲ့ ပွဲချိန် ၈၆မိနစ်မှာ ရီဗာရိုစ်တို့ရဲ့ သွင်းဂိုးတွေကြောင့် ပွဲအပြီးမှာ ပါရာဂွေးအသင်းကို နှစ်ဂိုးပြတ်နဲ့ အရှုံးပေးလိုက်ရပါတယ်။

အီတလီ ၁ - ၁ နယူးဇီလန်

ပထမပွဲစဉ်မှာ နှစ်သင်းလုံး တစ်မှတ်စီသာရထားတာကြောင့် ဒီပွဲရဲ့ အနိုင်ဟာ အုပ်စုတက်ရေး အရေးပါလှပါတယ်။ ဒါကြောင့်လက်ရှိချန်ပီယံ အီတလီအသင်းမှာ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိတဲ့ ဂိုးသမားဘတ်ဖွန် နေရာမှာ မာချက်တီကို သုံးခဲ့ကာ ကင်နာဗာရိုး၊ ချီလီနီ၊ ဒီရော့စီ၊ ပီပီ၊ အီယာကွင်တာ၊ ဂီလာဒီနိုတို့နဲ့လူစုံခဲ့ပါတယ်။ ဒါပေမယ့် ပွဲအစခုနစ်မိနစ်မှာပင် ဆမ်လက်ဇ်က နယူးဇီလန်အတွက် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့တာကြောင့် အီတလီတို့ နောက်ကလိုက်ကစားခဲ့ရပါတယ်။ အီတလီအတွက် ဂိုးကို ပွဲချိန် ၂၉ မိနစ်မှာ အီယာကွင်တာက ပယ်နယ်တီမှ သွင်းယူခဲ့ပါတယ်။

ကင်မရွန်း ၁-၂ ဒိန်းမတ်

တနင်္ဂနွေနေ့ နံနက်ပိုင်းက အုပ်စု (E) မှ ကင်မရွန်းအသင်းနဲ့ ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒိန်းမတ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။ ဒိန်းမတ်အသင်းအတွက် ဂိုးများကို ပွဲချိန် ၃၃ မိနစ်မှာ ဘန်တနာနဲ့ ပွဲချိန် ၆၁ မိနစ်မှာ ရိုမီဒယ်လ်တို့က သွင်းယူခဲ့တာဖြစ်ပြီး ကင်မရွန်းအတွက်ဂိုးကို ပွဲချိန် ၁၀ မိနစ်မှာ အီတူးက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပါရာဂွေးအသင်းအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ရီဗာရိုစ်က ဆလိုဗက်ကီးယား နောက်ခံလူနှင့် ဂိုးသမားတို့ ကာကွယ်နေသည့်ကြားမှ ဉာဏ်သို့သွင်းယူခဲ့သည်။

ပေါ်တူဂီ-မြောက်ကိုရီးယား

၂၁-၆-၂၀၁၀ (တနင်္လာနေ့)

ညနေ ၆ နာရီ

ပထမပွဲစဉ်မှာ အိုင်ဗရီကို့စ်ကို သရေကစားထားတဲ့ ပေါ်တူဂီ တစ်မှတ်ရထားပြီး မြောက်ကိုရီးယားကတော့ ဘရာဇီးကို ရှုံးထားတာကြောင့် အမှတ်မရရှိသေးပါဘူး။ ပေါ်တူဂီအတွက် နိုင်ပွဲမဖြစ်မနေလိုအပ်နေသလို မြောက်ကိုရီးယားကလည်း ဒီပွဲနိုင်ရင် အုပ်စုတက်ရေး မျှော်လင့်ချက်ရှင်သန်နေဦးမှာပါ။ ပေါ်တူဂီမှာ စီရော်နယ်လ်ဒို၊ ဒေကို၊ ဒန်နီ၊ ကာဗယ်ဟိုနဲ့ ဖရဲရားတို့ ရှိနေပေမယ့် မြောက်ကိုရီးယားက လျင်မြန်မှုကို အားပြုကစားတတ်တာကြောင့် သရေကျသွားမယ်ဆိုရင်လည်း အံ့ဩစရာတော့ ရှိမယ်မထင်ပါဘူး။

ချီလီ-ဆွစ်ဇာလန်

၂၁-၆-၂၀၁၀(တနင်္လာနေ့)

ည ၈း၃၀နာရီ

အုပ်စု (H) မှာ ချီလီ သုံးမှတ်ရထားသလို ဆွစ်ဇာလန်ကလည်း နာမည်ကြီးစပိန်ကို အနိုင်ယူကာ သုံးမှတ်ရထားပါတယ်။ ဒါကြောင့် အုပ်စုတက်ရေး အခွင့်အရေး ဆတူရှိနေတဲ့ ဒီနှစ်သင်းမှာ ဆွာဇို၊ ဖာနန်ဒက်ဇ်နဲ့ ဆန်ချက်ဇ်တို့ရှိနေတဲ့ ချီလီက ကစားသမားစုဖွဲ့မှု အနည်းငယ်သာပါတယ်။ ဒါပေမယ့် ဆွစ်ဇာလန်ရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုရမှာဖြစ်တာကြောင့် ချီလီနိုင်ရင်လည်း ပွတ်ကာသီကာပဲ ဖြစ်မှာပါ။

စပိန်-ဟွန်ဒူးရပ်စ်

၂၂-၆-၂၀၁၀(အင်္ဂါနေ့)

နံနက် ၁နာရီ

ပထမပွဲစဉ်မှာ နှစ်သင်းလုံးရှုံးပွဲကြုံထားတာကြောင့် ဒီပွဲမှာ အမှတ်ရရေး ပညာကုန်၊ ခြေကုန်ထုတ် ကစားလာမှာပါ။ ဟွန်ဒူးရပ်စ်ရဲ့ ခြေစွမ်းက သာမန်ထက်မပိုသလို ပွဲအဖြေကို ပြောင်းလဲနိုင်တဲ့ နာမည်ကြီး ကစားသမားတွေလည်း မရှိပါဘူး။ ဒါကြောင့် ဒေးဗစ်ဗီလာ၊ ဖာနန်ဒိုတောရက်စ်တို့ ဦးဆောင်လာမယ့် စပိန်အသင်း ဒီတစ်ကြိမ်တော့ ဂိုးပြတ်သွင်း အောင်ပွဲခံမယ့် အနေအထားမှာရှိနေပါတယ်။

နယူးဇီလန်

ဦးဆောင်ဂိုးသွင်း

နာမည်ကြီး အီတလီ အသင်းကို ခြေရည်တူကစားပြီး ပွဲအစ ခုနစ်မိနစ်တွင် နယူးဇီလန်အသင်းအတွက် ဦးဆောင်ဂိုးကို ဆမ်လက်ဇ် ဉာဏ်သို့ သွင်းယူ နိုင်ခဲ့သည်။

ဝင်းတင် (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဝါးကတုတ်ရေလှောင်တမံမှ ရေစတင်လွှတ်ပေးသည့် ရေပေးမြောင်းမကို တွေ့ရစဉ်။

(၁၉) ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမြင်ကွင်း

အုပ်စု (F) ဒုတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ပါရာဂွေးတို့ ဆလိုဗက်ကီးယားကို နှစ်ဂိုးပြတ်နိုင်

ဂျိုဟန်နက်စဘတ် ဇွန် ၂၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (F) ရဲ့ ဒုတိယပွဲစဉ်များကို ယနေ့ညမှာ ဆက်လက်ယှဉ်ပြိုင် ကစားကြရာ ပါရာဂွေးအသင်းက ဆလိုဗက်ကီးယားကို နိုင်ပြီး အုပ်စုကို ဦးဆောင်နိုင်ခဲ့ပါတယ်။

ဆလိုဗက်ကီးယား ၀-၂ ပါရာဂွေး

ဆလိုဗက်ကီးယားရဲ့ ပွဲထွက်လူစာရင်းမှာ ပက်ထရစ်၊ မာတင်စကာတယ်၊ ဝှစ်၊ ဆက်စ်တက်၊ ဗစ်တက်ခ်၊ ဒူရီကာတို့ပါဝင်လာခဲ့ပြီး ပါရာဂွေးမှာတော့ ရီဗာရို့စ်၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ဝါးကတုတ်ရေလှောင်တမံ

ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင်ကို တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် အစီအမံများ ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းအရ ရန်ကုန်မြို့(အရှေ့ခြမ်း)မိုင် ၃၀ ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေးအတွက် ဝါးကတုတ်ရေလှောင်တမံကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။

ဝါးကတုတ်ရေလှောင်တမံသည် ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ၏ အထက်ဘက် လေးမိုင်ခန့်အကွာတွင်တည်ရှိသည်။ မိမိသတင်းအဖွဲ့သည် နေပြည်တော်-ရန်ကုန် အမြန်ရထားဖြင့် ထွက်ခွာလာပြီး ပဲခူးဘူတာတွင် ဆင်းခဲ့ပြီးနောက် ဘုရားကြီးလမ်းဆုံသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း ၁၃ မိုင်လာခဲ့ရာ လမ်းမကြီး၏အနောက်ဘက်သို့ချိုး၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ခင်မောင်သန်း(စက်မှု)

အဆင်အပြင် - ခိုင်သဏ္ဌာရွှေ